# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Internet Line (Turnkey) ချိတ်ဆက်ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံခြင်းအတွက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၇-၁-၂၀၂၀ |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် | - | ၂၆-၂-၂၀၂၀ (၁၆:၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - | ၂၇-၂-၂၀၂၀ (၁၀:၀၀)နာရီ |
| တင်ဒါဝယ်ယူတင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၃၄)၊ ပင်စင်ဦးစီးဌာန(ရုံးချုပ်)<br>နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပင်စင်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၄၁၇ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ပင်စင်ဦးစီးဌာန

**စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပင်စင်ဦးစီးဌာန**

**သတင်းအချက်အလက်နည်းပညာအကြံပေး (ပြည်တွင်း) တစ်ဦးချင်း အတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (Expressions of Interest) ခေါ်ယူခြင်း**

၁။ ပင်စင်ဦးစီးဌာနအနေဖြင့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်နိုင်ရန် Management Information System (MIS) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအတွက် သတင်းအချက်အလက်နည်းပညာအကြံပေး (ပြည်တွင်း) တစ်ဦး ခန့်ထားမည် ဖြစ်ပါသည်။

၂။ သတင်းအချက်အလက်နည်းပညာအကြံပေး (ပြည်တွင်း) အနေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းနယ်ပယ်များကို ဆောင်ရွက်ရန် ဖြစ်ပါသည် –

( က ) MIS တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊

( ခ ) IT လုပ်ငန်းနှင့်ပတ်သက်၍ ဝယ်ယူရေးလုပ်ငန်းစဉ်အား ပံ့ပိုးဆောင်ရွက်ခြင်း၊

( ဂ ) MIS ဒီဇိုင်းရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်နှင့် စမ်းသပ်အသုံးပြုရာတွင် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

( ဃ ) MIS Software ရေးဆွဲမှု နည်းပညာသည် နိုင်ငံတကာမှ သတ်မှတ်ထားသည့် အမြင့်ဆုံးစံသတ်မှတ်ချက် တစ်ခုချင်းစီနှင့် ကိုက်ညီကြောင်း စိစစ်ပေးရန်နှင့် Software ၏ အသုံးဝင်မှုသည် MIS Software ထူထောင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း၊

( င ) ပင်စင်ဦးစီးဌာနတွင်သာမက အခြားသောသက်ဆိုင်ရာဌာနများရှိ MIS Software အသုံးပြုသူများအား နည်းပညာစွမ်းရည်တည်ဆောက်ရာနှင့် အသိပညာပေး ဆောင်ရွက်ရာတွင် ထိရောက်စေရန် ကြီးကြပ်ခြင်း၊

( စ ) MIS စနစ် အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုနှင့် အကောင်အထည်ဖော်ရေးတို့တွင် ပင်စင်ဦးစီးဌာနအား ပံ့ပိုးကူညီခြင်း၊

**ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်အသေးစိတ်**

၃။ သတင်းအချက်အလက်နည်းပညာအကြံပေး(ပြည်တွင်း)အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ် အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

( က ) MIS စနစ်အား တင်ဒါခေါ်ယူရာတွင် အသေးစိတ် သတ်မှတ်ချက်များ (Specifications) ရေးဆွဲခြင်းနှင့် တင်ဒါလုပ်ငန်းစဉ်များအား အကူအညီပေးခြင်း၊

(ခ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တင်ပြလာသည့် MIS Software ရေးဆွဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်အား စံသတ်မှတ်ချက်နှင့် ကိုက်ညီစေရန် စိစစ်ခြင်းနှင့် သုံးသပ်တင်ပြခြင်း၊

(ဂ) လက်ရှိ Pension Management System မှ အချက်အလက်များ ရွှေ့ပြောင်းခြင်းနှင့် အချက်အလက်အသစ်များ ထည့်သွင်းခြင်းတို့ ဆောင်ရွက်ရာတွင် ပင်စင်ဦးစီးဌာနမှ ဝန်ထမ်းများကို ကူညီပေးခြင်း၊

(ဃ) MIS စနစ်ပြုပြင်ထိန်းသိမ်းရေး အထောက်အကူပြုဝန်ဆောင်မှုနှင့် IT ကိုင်တွယ်မှုများကို ကူညီပေးခြင်း၊

(င) ပင်စင်ဦးစီးဌာန ဝန်ထမ်းများ၏ IT ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို စီမံခန့်ခွဲခြင်း၊ လက်ရှိစနစ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် တိုးတက်မှုများကို အစီရင်ခံခြင်း စသည့်လုပ်ငန်းစဉ်များအား ကူညီခြင်း၊

(စ) MIS စနစ်ကို ထိန်းသိမ်းနိုင်ရန်နှင့် အသုံးပြုနိုင်ရန် ပင်စင်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ထမ်းများအား နည်းပညာပိုင်းဆိုင်ရာ သင်တန်းပေးခြင်း၊

(ဆ) MIS Platform ဖြင့် Online, Offline စနစ် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်သူများအားလုံး (သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ) မှ Central Provident Fund (CPF) လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း၊

(ဇ) MIS/IT Project နှင့် စပ်လျဉ်းသည့် တာဝန်များကို လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ Myanmar Sustainable Development Plan (MSDP) ၏ မဟာဗျူဟာမြောက် စီမံကိန်းဖြစ်သည့်အတွက် ၃ လတစ်ကြိမ် အစီရင်ခံစာ ( English + မြန်မာ) ပြုစုခြင်း၊

(ဈ) MIS အသိပညာပေးရေး သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းတို့နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ အစီရင်ခံစာ တင်ပြခြင်း၊

(ည) အကြံပေး၏ TOR နှင့် စပ်လျဉ်းသည့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား လစဉ် တင်ပြခြင်း။

၄။ သတ်မှတ်ထားသော အရည်အချင်းနှင့်အတွေ့အကြုံများမှာအောက်ပါအတိုင်းဖြစ်ပါသည် –

(က) B.C.Sc / M.C.Sc / B.E ဘွဲ့တစ်ခုခု (IT (သို့) Computer Science) ရရှိထားသူဖြစ်ရပါမည်။ (သို့မဟုတ်) IT အသိအမှတ်ပြုလက်မှတ် ရရှိထားသူဖြစ်ရမည်။

(ခ) MIS Software ကဲ့သို့ အလားသဏ္ဍာန်တူသော လုပ်ငန်းကို စီမံခန့်ခွဲသည့် အတွေ့အကြုံရှိပြီး IT လုပ်ငန်းနယ်ပယ်တွင် ၅ နှစ်နှင့်အထက် လုပ်ငန်း အတွေ့အကြုံ ရှိရမည်။

(ဂ) မြန်မာနိုင်ငံ၏ ICT အခြေခံအဆောက်အအုံဆိုင်ရာ အသိပညာရှိပြီး ICT ကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံ

နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိရမည်။

( ဃ ) အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်ပြီး MIS စနစ် အပြည့်အဝအသုံးပြုနိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပံ့ပိုးဆောင်ရွက်သည့် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိရမည်။

( င ) MIS စနစ်၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) ထူထောင်ခြင်းနှင့် ငွေကြေးစီးဆင်းမှုဆိုင်ရာ အသိပညာနှင့် ဗဟုသုတရှိရမည်။

( စ ) Hardware ပိုင်းဆိုင်ရာ၊ Software ပိုင်းဆိုင်ရာနှင့် ကွန်ယက်ချိတ်ဆက်မှု ပြဿနာများကို သိရှိနားလည်ရမည်။

(ဆ) Operating System ၊ Database များနှင့်စပ်လျဉ်း၍ ကိုင်တွယ်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ ရှိရမည်။ RDBMS, Ms SQL, Oracle နှင့် My SQL စသည် တို့ကိုပါ ကျွမ်းကျင်မှုရှိရမည်။

(ဇ) အကျင့်စာရိတ္တ၊ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်၍ လူအများနှင့် ဆက်သွယ်ပြောဆိုနိုင်ရမည်။

(ဈ) MIS သုံးစွဲသူများအား ဝန်ဆောင်မှုပေးနိုင်ရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး ကြုံတွေ့လာမည့် ပြဿနာများအား စိစစ်သုံးသပ် ဖြေရှင်းနိုင်စွမ်းရှိရမည်။

၅။ တာဝန်ထမ်းဆောင်ရမည့်အချိန်ကာလမှာ အချိန်ပြည့် (၁၂) လဖြစ်ပြီး တာဝန်ဆောင်ရွက်ရမည့်နေရာမှာ ပင်စင်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖြစ်ပါသည်။ (လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ ခရီးသွားဆောင်ရွက်နိုင်သူ ဖြစ်ရမည်။)

၆။ လျှောက်ထားသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)ကို CV Form နှင့်အတူ ဖြည့်စွက်ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၀၄၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး itsection.pensionmyanmar@gmail.com သို့လည်း e-mail ပို့၍ မေးမြန်းနိုင်ပါသည်။

၇။ စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)နှင့် CV Form တို့အား ၁၀-၂-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီအရောက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာများကို E-mail ဖြင့် ပေးပို့လိုပါက itsection.pensionmyanmar@gmail.com, မိတ္တူကို wahmaungapril@gmail.com, kyizintun@ gmail.com သို့ ပေးပို့ရမည် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

ပင်စင်ဦးစီးဌာန

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ရုံးအမှတ် (၃၄)၊ နေပြည်တော်